
စာစဉ် - ၃
ပြန်လည်မွေးဖွားလာသော
အသန်မာဆုံးသားရဲ
ဘာသာပြန်-ကောင်းထက်ပိုင်
(Chapter 29 - 42)

## အခန်း(၂၉)
## "လေလံပွဲစတင်ခြင်း"

"အရမ်းကို စွမ်းအားကြီးတဲ့ အင်မော်တယ် ကျင့်ကြံသူတွေပဲ" ရီဝမ်လုံက သူ့လက်သီးများကို တင်းတင်းကျပ်ကျပ် ဆုပ်လိုက်ပါတယ်။ သူ့ညီမလေးကို သာ ဒီလူတွေ ခေါ်သွားခဲ့ရင်လို့ တွေးလိုက်ပြီး သူ့တစ်ကိုယ်လုံး တုန်လှုပ် သွားပါတယ်။

လင်းဟောင်လည်း သူနတ်ဘုရားအာရုံကို ပြန်ရုပ်လိုက်ပြီး ရီဝမ်လုံကို အသံလွှင့်ပြီး ပြောလိုက်တယ်။

"သွားကြမယ်။ အထဲကိုရောက်ရင် အကုန် ငါပြောသလို တစ်တဝေမတိမ်း လိုက်လုပ်"

"ဟုတ်ကဲ့"

ရီဝမ်လုံလည်း စိတ်လျှော့လိုက်ပြီး လေလံခန်းမဆီ လျှောက်သွားလိုက်ပါ တယ်။

ကောင်းကင်နဂါး လေလံခန်းမက စက်ပိုင်းပုံကျယ်ဝန်းကာ လူသတ်ကွင်း ထက်တောင် ကြီးမားကာ လူပေါင်းတစ်ထောင်လောက် အထိဆန့်ပါတယ်။ အောက်ခုံများက သာမန်ထိုင်ခုံများဖြစ်ကာ အပေါ်ထပ်များတွင် ဇိမ်ခံအခန်း ငယ်လေးများ တန်းစီ ဆောက်လုပ်ထားပြီး အသေ်ချေသားရဲမြို့ရဲ့ ရာထူး အကြီးပိုင်းများနှင့် ချမ်းသာသော အိမ်တော်များအဖို့ပဲ ဖြစ်ပါတယ်။

လေလံခန်းမထဲ ဝင်ပြီးနောက် ရီဝမ်လုံလည်း သူ့ရဲ့ရွှေရောင်တံဆိပ်ပြား

ကို ပြလိုက်ပြီး အစေခံတစ်ယောက်က သူ့ကို အပေါ်ထပ်ရှိ ဧည့်ခံအခန်းငယ်လေးတစ်ခုဆီ လိုက်ပို့ပါတယ်။

အခန်းက သိပ်မကျယ်လှဘဲ ညှော့ခန်းလောက်သာ ကျယ်ဝန်းပြီး အခန်းထဲတွင် စားပွဲခုံတစ်ခုနှင့် ထိုင်ခုံများချထားပြီး စားပွဲပေါ်မှာ စိတ်ဝိညာဉ် သစ်သီး အမျိုးမျိုးကို တင်ထားပါတယ်။ အခန်းထောင့်မှာ လှပတဲ့အစေခံမိန်းမပျိုသုံးယောက် ရပ်နေပါတယ်။

"ထွက်သွားတော့" ရီဝမ်လုံက လက်ကိုဝှေ့ယမ်းပြီး ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့"

အစေခံမိန်းမလေး သုံးယောက်လည်း ဦးညွှတ်လိုက်ပြီး ထွက်ခွာသွားကာ တံခါးကို ပြန်ပိတ်ထားလိုက်ကျပါတယ်။

ထိုလူများထွက်သွားတော့ လင်းဟောင်လည်း ရီဝမ်လုံရဲ့ အင်္ကျီအိတ်ထဲမှ ချက်ချင်း ထွက်လာပါတယ်။

"ဆရာသခင် အသံပိတ် အစီအရင်လုပ်ဖို့ လိုဦးမှာလား" ရီဝမ်လုံက မေးလိုက်တယ်။

"မလိုဘူး။ အပြင်ကို အာရုံစိုက်ကြည့်နေ။ ဒါပေမဲ့ မျက်နှာဖုံးကိုတော့ မချွတ်လိုက်မိစေနဲ့နော်" လင်းဟောင်က အရေးကြီးဟန်ဖြင့် သေချာမှာလိုက်တယ်။

"ဟုတ်ကဲ့" ရီဝမ်လုံက သူစိတ်ထဲမှာ သေချာမှတ်ထားလိုက်တယ်။

အချိန်တွေက တစ်မိနစ်ပြီး တစ်မိနစ် ကုန်ဆုံးသွားပါတယ်။ လေလံရုံအတွင်းမှာ လူများက တဖြည်းဖြည်း ပြည့်နှက်လာပါတယ်။ ဒီနေ့က ကောင်းကင်နဂါးလေလံရုံရဲ့ နှစ်အနည်းငယ် အတွင်းမှာ ပထမဆုံးအကြိမ် လူအပြည့်ဖြစ်တာပါ။

လင်းဟောင်ရဲ့နတ်ဘုရားအာရုံက ခုနက လူနှစ်ယောက်လုံးစီကို ကြည့်ရှုလိုက်ပါတယ်။ သူ့ကို အံ့အားသင့်သွားတာက အင်မော်တယ်ဂိုဏ်းနှစ်ဂိုဏ်းက လူများက သူ့ရဲ့ဘယ်နဲ့ ညာတစ်ဖက်တစ်ချက်စီက အခန်းများမှာ ရှိနေတာပါ။ ဘယ်ဘက်က ရွှင်ပျော်ပျော်ကျောင်းကဖြစ်ပြီး ညာဘက်က သူတော်စင်ဂိုဏ်းက ဖြစ်ပါတယ်။

"တကယ်ကို လွှမ်းမိုးနိုင်စွမ်းရှိတာပဲ" လင်းဟောင်က သူခေါင်းကို ခါယမ်းလိုက်ပါတယ်။

"အာ" သူတော်စင်ဂိုဏ်းက အခန်းမှာ ဇီလူ့လီရဲ့မျက်လုံးများ အပေါ်သို့ ပင့်တက် သွားပါတယ်။ သူကျင့်တဲ့ကျင့်စဥ်က သူတော်စင်နှလုံးသား ကျင့်စဥ်ဖြစ်ပြီး အာရုံခံနိုင်စွမ်း အရမ်းကောင်းပါတယ်။ သူက ခုနကအပြင်ကနေ ရင်းနှီးတဲ့နတ်ဘုရား အာရုံတစ်ခုကို ခံစားမိသွားပါတယ်။

"စီနီယာအစ်မ ဘာဖြစ်လို့လဲ" ချီကလေးက မေးလိုက်ပါတယ်။

ဇီလူ့လီက ပြန်ပြောလိုက်ပါတယ်။

"ခုနက အခြေခံတည်ဆောက်ခြင်း ကျင့်ကြံသူက ဟိုဘက်အခန်းမှာပဲ"

ချီကလေးက ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ မျက်နှာဖုံးတပ်ထားတဲ့ လူတစ်ယောက်ကို သွားတွေ့ပါတယ်။

"သူက ကျွန်မတို့အလှမှာ နစ်မျောသွားပြီး ကျွန်မတို့ကို အထင်ကြီးအောင် လုပ်နေတာလား" ချီကလေးက သူမျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်ဖြင့် မေးလိုက်ပါတယ်။

သူတော်စင်ဂိုဏ်းက ဂိုဏ်းသူတစ်ယောက်အနေနဲ့ တစ်ယောက်စီတိုင်းက တစ်မျိုးစီ လှပနေကာ ဂိုဏ်းအပြင်ထွက်ရင် ပြဿနာတွေ အများကြီး တက်မှာစိုးလို့ တကယ့်ရုပ်ရည်ကို မပြရဲကြပါဘူး။ ဒါပေမဲ့လည်း

အနှောင့်အယှက်ပေးမဲ့ လူများကရှိနေမြဲပါ။

ဇီလူ့လီလည်း သူခေါင်းကို ခါယမ်းလိုက်ပါတယ်။

"ငါလည်း သေချာမသိဘူး။ တကယ်လို့သာ သူကအကျိုးအကြောင်း မဆီလျော်ဘဲနဲ့ တစ်ခုခု လာလုပ်ရင်တော့ ငါကစိတ်ဝိညာဉ် အဆောင်ကို ချိုးလိုက်ပြီး ဂိုဏ်းကနေ အကူအညီ လှမ်းတောင်းပစ်မယ်"

"ဟုတ်တယ်။ အဲဒီနှာဘူးအဘိုးကြီးက သေသင့်တယ်" ချီကလေးကလည်း ချက်ချင်း သဘောတူလိုက်တယ်။

ရီဝမ်လုံကလည်း သူတော်စင်ဂိုဏ်းသား နှစ်ယောက်က သူ့ကို နှာဘူးအဘိုးကြီးလို့ စွပ်စွဲနေတာကို မသိဘဲနဲ့ တိတ်ဆိတ်စွာ စောင့်ဆိုင်း နေနေပါတယ်။

ထိုအချိန်မှာပဲ လေလံရုံထဲရှိ လေလံစင်မြင့်ပေါ်ကို လှပပြီး စွဲဆောင်မှုရှိတဲ့ မိန်းကလေးတစ်ယောက် တက်လာပါတယ်။ သူမရဲ့ အကြည့်များက အရမ်းကို စွဲဆောင်မှုရှိကာ ပါးနှစ်ဖက်မှာ ပါးနီပါးပါးလေး လိမ်းချယ်ထားပြီး နှုတ်ခမ်းနီနီရဲရဲလေးတွေနဲ့ အရမ်းကိုလှပနေကာ သူမဆီကို အကြည့်များ မခွာနိုင်အောင် ဖြစ်နေကြပါတယ်။

မြောက်မြားစွာသော မျက်လုံးများက လေလံစင်မြင့်ပေါ်ရှိ စူဖေးကို မျက်လုံးများ ပြူတ်ကျမတတ် ဝိုင်းကြည့်လိုက်ကြပါတယ်။

"ဒီမိန်းကလေးက တော်တော်လှတာပဲ။ ငါကိုတောင် စိတ်လှုပ်ရှားသွားတယ်" ဂျန်ရှီက လျှာကိုသပ်လိုက်ပြီး ပြောလိုက်ပါတယ်။

"စီနီယာအစ်ကိုကြီးက ဒါဆိုရင် ..." သူဘေးက ဂျူနီယာနှစ်ယောက်ရဲ့ အကြည့်များ သူ့ဆီကို ရောက်ရှိသွားပါတယ်။

"သွားစမ်းပါ။ ဒီနေရာက တိမ်တိုက်နိုင်ငံရဲ့ အချမ်းသာဆုံး အင်အားစု

ကောင်းကင်နဂါးလေလံခန်းမပဲ။ မင်းသွားထိရဲလို့လား" ဂျန်ရှီက ပြန်ပြောလိုက်ပါတယ်။

လီနှစ်လည်း ကြက်လည်လိမ်ချိုး ခံလိုက်ရသလို ဖြစ်သွားကာ ဘာစကား တစ်ခွန်းမှ ထပ်မပြောရဲတော့ပါဘူး။

ဂျန်ရှီရဲ့ အမြင်တွေ စူးရှသွားပြီး သူနှုတ်ခမ်းထောင့်မှာ ညစ်ကျယ်ကျယ် ပြုံးလိုက်ပါတယ်။

"တကယ်လို့သာ အခွင့်အရေးရရင် သူမကို အမိဖမ်းရမယ်။ သူမကိုသာရရင် လူသားဖြစ်ရတဲ့ ပျော်ရွှင်မှုတွေ အပြည့်အဝရမဲ့အပြင် ကောင်းကင်နဂါးခန်းမရဲ့ ချမ်းသာမှုတွေကိုလည်း ရဦးမှာ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင် သတ်တာပဲ"

သူ့ရဲ့ဂျူနီယာနှစ်ယောက်လည်း ဒါကိုကြားသွားတော့ ပျော်သွားပြီး ပြောလိုက်ပါတယ်။

"စီနီယာအစ်ကိုကြီးက တကယ်ကို အမျှော်အမြင်ကြီးတာပဲ"

စူဖေးက ခေါင်းကိုမော့လိုက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို ပတ်ကြည့်လိုက်ကာ ပြုံးပြီး ပြောလိုက်ပါတယ်။

"ကြိုဆိုပါတယ်။ အခုလို အဝေးကြီးနေတောင် ခက်ခက်ခဲခဲနဲ့ အသော်ချေသားရဲမြို့က ကောင်းကင်နဂါးလေလံပွဲကို လာရောက်ကြတာကို အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်မကတော့ ဒီကတာဝန်ခံစူဖေး ဖြစ်ပြီးတော့ ဒီနေ့လေလံပွဲကို ကျွန်မကိုယ်တိုင် ကျင်းပပေးမှာ ဖြစ်ပါတယ်။ အားလုံးပဲ လေလံပစ္စည်းများကို သေချာကြည့်ပြီးတော့ အေးအေးဆေးဆေး လေလံဆွဲကျပါ။ လေလံပွဲကို ထိခိုက်တဲ့စကားမျိုး ပြောဆိုတာတွေ၊ တစ်ခြားတစ်ယောက်ကို တိုက်ခိုက်တာတွေ မလုပ်ကြပါနဲ့။ မဟုတ်ရင်တော့

ကောင်းကင်နဂါးခန်းမကနေ နာမည်ဆိုးစာရင်းထဲ ထည့်လိုက်ပြီး အကျိုးဆက်က ဆိုးရွားနိုင်ပါတယ်"

စူဖေးက ပတ်ဝန်းကျင်ကို တစ်ချက် ဖြတ်ကြည့်လိုက်ကာ နေရာနှစ်ခု သေချာကြည့်လိုက်ပါတယ်။ သူ့ရဲ့အဓိပ္ပာယ်က ရှင်းလင်းပါတယ်။

"ဟမ့် ညစ်ပတ်တဲ့မိန်းမပဲ" မြေကမ္ဘာဂိတ်တံခါးရဲ့ အခန်းထဲက လူစုထဲမှာ လူတစ်ယောက် အရက်ခွက်ကို ဆောင့်ချလိုက်ပါတယ်။

"စိတ်မဆိုးနဲ့ လေလံပွဲပြီးမှ စာရင်းရှင်းလည်း နောက်မကျသေးပါဘူး"

အဲဒီလိုလူများက တိတ်တဆိတ် ဆွေးနွေးနေတဲ့ အချိန်မှာပဲ လေလံပွဲက စတင်လိုက်ပါပြီ။

လေလံခန်းမပေါ်မှာ စူဖေးက သေတ္တာတစ်ခုကို ဖွင့်လိုက်ကာ အနက်ရောင် ဖန်ပုလင်းတစ်ခုကို ထုတ်ယူလိုက်ပါတယ်။

"ဒီပုလင်းထဲက အဆိပ်က မြစ်သန့်ပေါင်ဒါလို့ခေါ်ပြီး အဆိပ်ဆေးဆရာ ဆရာခီဖောင်ရှီ ဖော်စပ်ထားတာ ဖြစ်ပြီးတော့ မြစ်ထဲက ငါးတွေနဲ့သားရဲတွေကို ဖမ်းဖို့အတွက် သုံးနိုင်ပါတယ်။ မြစ်အထက်ပိုင်းကနေ ဒီဆေးကို ချလိုက်မယ်ဆိုရင် ဆယ်ငါးမိနစ်အတွင်း မြစ်ထဲကငါးတွေအကုန် အဆိပ်မိမှာပါ" စူဖေးက ပြုံးပြီးပြောလိုက်ပါတယ်။

"လေလံစတင် ဈေးက ရွှေစငါးဆယ် ဖြစ်ပါတယ်"

"ငါက ငါးဆယ်ပေးမယ်"

"ခုနစ်ဆယ်"

"ရွှေစတစ်ရာ"

‘...’

လေလံပွဲစတင်တာနဲ့ ပတ်ဝန်းကျင်က ချက်ချင်းပဲ နွေးထွေးလာပါတယ်။

တစ်ခဏအကြာမှာတော့ ထိုမြစ်သန့်ပေါင်ဒါက ရွှေစနှစ်ရာနဲ့ ရောင်းထွက်သွားပါတယ်။

ရွှေစနဲ့ စိတ်ဝိညာဥ်ကျောက်တုံးက တန်ဖိုးချင်းကွာဟကာ ရွှေစတစ်ရာကို စိတ်ဝိညာဥ်ကျောက်တုံးတစ်တုံးနဲ့ ညီမျှပါတယ်။ အခြားနည်းနဲ့ဆို ထိုမြစ်သန့်ပေါင်ဒါက စိတ်ဝိညာဥ်ကျောက်တုံးနှစ်တုံးနဲ့ ရောင်းထွက်သွားတာပါ။

"နောက်တစ်ခါ လေလံဆွဲမှာကတော့ မိုးကြိုးအစီအရင်အပြားဖြစ်ကာ လီယောင်ရှင်းရဲ့ အလုပ်သင်လီရှောင်က ပြုလုပ်ထားတာဖြစ်ပြီး လျှပ်စီးမိုးကြိုးများက သားရဲများကို လန့်ဖျပ်စေပြီး ..."

***

နောက်ထပ် လေလံတင်တဲ့ဟာများက ရိုးရှင်းပြီး သားရဲများနှင့်တိုက်ခိုက်ဖို့ဖြစ်ကာ အသေးချေသားရဲမြို့က ကောင်းကင်အဆင့် မုဆိုးများအတွက် ဖြစ်ပြီး ပတ်ဝန်းကျင်က တဖြည်းဖြည်း အေးချမ်းလာပါတယ်။

အစကနေအဆုံးအထိ လင်းဟောင်က ဘာမှမလှုပ်ရှားခဲ့ကာ သူဘေးအခန်းက ရွှင်ပျော်ပျော်ကျောင်းနဲ့ သူတော်စင်ဂိုဏ်းကလည်း မလှုပ်ရှားသေးပါဘူး။

သူတို့က နောက်ဆုံးတစ်ခုအတွက် စောင့်ဆိုင်းနေတာပါ။

အချိန်ကြာလာတော့ လေလံတင်တဲ့ ပစ္စည်းများရဲ့ တန်ဖိုးများကလည်း တဖြည်းဖြည်း မြင့်တက်လာကာ အစကလူသား အဆင့်သိုင်းသမားတွေအတွက် ပစ္စည်းများဖြစ်ပြီး နောက်ပိုင်း ကောင်းကင်အဆင့် သိုင်းသမားအတွက် ပစ္စည်းများ ရောက်လာကာ လေထုက တဖြည်းဖြည်း အသက်ဝင်လာပါတယ်။

ခဏကျတော့ ဆေးဖော်စပ်တဲ့အိုးတစ်အိုး အလှည့်ကို ရောက်လာပါတယ်။ အဲဒါက လုံးဝအမှိုက် ဖြစ်သော်လည်း လင်းဟောင်ဆီမှာရှိတဲ့ သုံးခါသာ ဆေးဖော်ပြီး ပေါက်ကွဲသွားတဲ့ အိုးထက်စာရင် ပိုကောင်းသဖြင့် လင်းဟောင်က စိတ်ဝိညာဥ်ကျောက်တုံး ဆယ်တုံးနဲ့ ဝယ်လိုက်ပါတယ်။

"စီနီယာအစ်မ သူကဆေးအိုးကို ဝယ်လိုက်တယ်။ သူက ဆေးဆရာများလား" ချီကလေးက မေးလိုက်တယ်။

"သူ့ကိုထားလိုက်" ဇီလူ့လီက ထိုင်ခုံမှာ ထိုင်နေကာ ဘာမှမလှုပ်ရှားသေးပါဘူး။

ချီကလေးက သူအကြည့်တွေက အရမ်းကိုသိချင်နေပြီး သူလည်ပင်းကိုမော့လိုက်ပြီး ရီဝမ်လုံကို တိတ်တဆိတ် ဆက်ပြီး အကဲခတ်လိုက်ပါတယ်။

"သူအသံက အတော်ငယ်တာပဲ။ ကျွန်မတို့ အရွယ်လောက်ပဲ ရှိဦးမယ်။ ဒီအရွယ်နဲ့ အခြေခံတည်ဆောက်ခြင်း အဆင့်ဆိုတာ အတော်ရှားတယ်" ချီကလေးက တိတ်တဆိတ် ပြောလိုက်ပါတယ်။

ထိုအချိန်မှာပဲ အခုလေလံတင်မဲ့ပစ္စည်းက အပြာရောင်လေးထောင့်စည်းတံဆိပ်တစ်ခုပဲ ဖြစ်ပါတယ်။ ထိုစည်းထဲမှာ လက်သီးဆုတ်အရွယ်အလယ်အလတ်အဆင့် အပြာရောင်မိုးကြိုးသားရဲ့ အမြုတေရှိပြီး ထိုစည်းမျက်နှာပြင်ပေါ်မှာ မိုးကြိုးလျှပ်စီးများက တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး စီးဆင်းနေပြီး ကြည့်နေသူတွေ့ရဲ့ စိတ်ထဲမှာ မိုးကြိုးသံများ ထွက်ပေါ်နေသလို ထင်ရပါတယ်။

"အရမ်းကို စွမ်းအားကြီးတာပဲ စိတ်ဝိညာဥ်လက်နက်ပဲဖြစ်ရမယ်"

"အဲဒါက လုံးဝကို စိတ်ဝိညာဥ်လက်နက်ပဲ" လူများက တအံ့တသြ ပြောလိုက်ကြတယ်။

စူဖေးက သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ထွက်ပေါ်လာပြီး ဖြည်းညင်းစွာ ပြောလိုက်ပါတယ်။

"ခန့်မှန်းတာတော်တယ်။ မှန်ပါတယ်။ ဒီတစ်ခါ လေလံကျင်းပမဲ့ဟာကတော့ အကောင်းဆုံး လေလံပစ္စည်းသုံးခုထဲက တစ်ခုဖြစ်တဲ့ ကောင်းကင်မိုးကြိုးချိပ်တံဆိပ်ပဲ ဖြစ်ပါတယ်"

***